# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့၌ Online ဖြင့်ကျင်းပခဲ့သည့် (၃၀) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးမှတ်တမ်း

## ၁။ ရည်ရွယ်ချက်

(၃၀) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးအား MEITI Restructuring and Organizational Development Project နှင့်ပတ်သက်၍ Consultant ဖြစ်သူ Ms. Emma Irwin မှ ရှင်းလင်းတင်ပြရန်နှင့် တွေ့ရှိချက်များအပေါ် ဆွေးနွေးသုံးသပ်အကြံပြုရန် အဓိကထားရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဖြစ်သည့် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး၊ အစိုးရကဏ္ဍကိုယ်စားလှယ် (၅) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၄) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၆) ဦး၊ အရန်ကိုယ်စားလှယ်များနှင့်လေ့လာသူ (၇) ဦး၊ MOBD မှ (၇) ဦး၊ မိတ်ဖက်အဖွဲ့အစည်းများမှ (၅) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်း နှင့် ညှိနှိုင်းရေးမှူးရုံးမှ (၁၂) ဦး စသဖြင့် တက်ရောက်သူ ကျား (၂၇) ဦး၊ မ (၂၂) ဦး၊ စုစုပေါင်း (၄၉) ဦးခန့် ရှိခဲ့သည်။ တက်ရောက်သူစာရင်းအသေးစိတ်အား နောက် ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## ၃။ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းမှ အဖွင့်အမှာစကားပြောကြားခြင်း

(၁) ယနေ့ကျင်းပပြုလုပ်သည့် (၃၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးခင်လတ်ကြီး၊ ညှိနှိုင်းရေးမှူး ဦးစိုးဝင်း၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပံ့ပိုးကူညီပေးကြသည့်ဝန်ထမ်းများအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ပါကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လ (၁၀)ရက်နေ့၌ (၂၉) ကြိမ်မြောက်အစည်းအဝေးအား အရေးပေါ်ကျင်းပ ခဲ့ကြောင်း၊ ယနေ့အစည်းအဝေး၌ NCS ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း၊ Consultant ဖြစ်သည့် Emma Irwin ၏ အကြိုလေ့လာတွေ့ရှိချက်များကို ဆွေးနွေးကြမည်ဖြစ်ပြီး ဖွဲ့စည်းပုံကိစ္စအား အရေးပေါ်အစည်းအဝေးတွင် ဆွေးနွေးပြီးနောက် ပြီးခဲ့သည့် ၆-၈-၂၀၂၀ ရက်နေ့၌ Renaissance Institute မှ တာဝန်ရှိသူများနှင့် MOPFI

တို့ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ NCS ၏ တာဝန်များကို ပြည်ထောင်စုအစိုးရအဖွဲ့က RI ကို တာဝန်ပေးထားသည့်အတွက် RI က ဆက်လက် တာဝန်ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ လက်ရှိ NC တာဝန်ယူထားသူဆရာဦးစိုးဝင်း အနားယူမည်ဖြစ်သဖြင့် NC တာဝန်ယူမည့်သူကို RI က ရွေးချယ်ပေးရန်နှင့် လက်ရှိ National Coordinator (NC) က Special advisor အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရန်ညှိနှိုင်းရရှိခဲ့ကြောင်း၊

(၂) လက်ရှိ NCS နှင့် MOBD ကြားရေးထိုးထားသော MOU သည် စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး World Bank ရန်ပုံငွေအထောက်အပံ့ ကို NCS အတွက် ဆက်လက် သုံးစွဲနိုင်ခြင်း မရှိတော့သည့်အတွက် MOPFI တွင် NCS ရုံးအသစ်ဖွဲ့၍ ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ရေရှည်အတွက် မျှော်မှန်းပြီး MOPFI အောက်တွင် ဌာနအစိတ်အပိုင်းတစ်ခုအနေဖြင့် ဖွဲ့စည်းထားရန်၊ ထိုအဖွဲ့က လိုအပ်ပါက လိုအပ်သည့် technician နှင့် experts ကိုငှားရမ်းနိုင်ရန်နှင့် ရေရှည်အတွက် Donor ရှိပါက Donor Funding နှင့်ဆောင်ရွက်ပြီး မရှိတော့ပါက အစိုးရဘဏ္ဍာနှင့်ဆောင်ရွက်နိုင်ရန် သဘောတူ ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဆက်ပြီးလည်း ဆွေးနွေးသွားရန် လည်း ရှိကြောင်း၊ ဥပမာအားဖြင့် NCS ရုံးနေရာ၊ ဘတ်ဂျက်ကိစ္စ၊ ဘတ်ဂျက် ကိစ္စဟုဆိုရာတွင် စရိတ်များ၊ ချီးမြှင့် ငွေများ၊ လစာများ စသည်တို့ပါဝင်ကြောင်း ၎င်းတို့ကို ဝန်ကြီးဌာန၏ EC အစည်းအဝေးတွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက် ဆွေးနွေးရမည်ဖြစ်ကြောင်း၊ BO Task Force Leader အတွက် NC အသစ်မှ ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန်ရုံးက လုပ်ငန်း တာဝန်များကို NCS အသစ်အတွက် အဆင်ပြေချောမွေ့ရန် လက်ရှိ NCS မှ Program Manager ၊ Technical Team စသည်တို့က နေပြည်တော်သို့လာရောက်၍ ရုံးအသစ်တွင် တာဝန် ထမ်းဆောင်မည့်သူများကို ပို့ချ၍ တာဝန်လွှဲပြောင်း မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် RI နဲ့ညှိနှိုင်းထားကြောင်း၊ IA ငှားရမ်းရန်အတွက် Donor ဆီမှ ရန်ပုံငွေ အချိန်မီမရပါက IA တွေကို ဆက်လက် ငှားရမ်းရန် ဘဏ္ဍာငွေလိုအပ်ချက်ကို ပြည်ထောင်စု ဘဏ္ဍာငွေမှ ရယူသုံးစွဲနိုင်ရန် ဦးဆောင်ကော်မတီဥက္ကဋ္ဌထံတင်ပြထားပြီး သဘောတူလက်ခံကြောင်း၊ ယနေ့အစည်းအဝေး၌ Ms. Emma Irwin ၏ ဆွေးနွေးတင်ပြချက်များကို ဝိုင်းဝန်းနားထောင်၍ ရှေ့ဆက်ပြီး အကောင်အထည်ဖော်မည့်လုပ်ငန်းများကို ပေါင်းစပ်၍ မည်ကဲ့သို့ အကောင်အထည်ဖော်ပါက ကောင်းမွန်မည်ကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

## ၄။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး ဦးစိုးဝင်းက အမှာစကားပြောကြားခြင်း

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးက အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေး၌ Consultant ဖြစ်သည့် Ms. Emma Irwin ၏ တင်ပြချက်များအပေါ် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ Consultant အနေဖြင့် တွေ့ဆုံဆွေးနွေးသင့်သည်များအား ဆောင်ရွက်ထားသည်ဟု သိရှိရကြောင်း၊ ယနေ့ဆွေးနွေးကြရာ၌ မှုနှင့်စနစ်ကိုသာ အဓိကအခြေခံ၍ ဆွေးနွေးပေးစေလိုကြောင်း၊ သို့မှသာ အကျိုးရှိသည့် ပုံစံကို ရရှိမည်ဖြစ်ကြောင်း၊ ၆-၈-၂၀၂၀ ရက်နေ့၌လည်း MOPFI ရုံးတွင် အစည်းအဝေးကျင်းပခဲ့၍ ဆွေးနွေးခဲ့

ကြောင်း၊ မိမိအနေဖြင့် BO Task Force ဥက္ကဋ္ဌ အဖြစ် ဆက်လက်တာဝန်မယူနိုင်တော့ကြောင်း၊ Senior Advisor အနေဖြင့်သာ ဆက်ရှိနေတော့မည်ဖြစ်သဖြင့် လတ်တလောတွင် DICA မှ ဦးမျိုးမင်းအား BO Task Force ဥက္ကဋ္ဌ အဖြစ် ယာယီဆောင်ရွက်ရန် အဆိုပြုထားပြီးဖြစ်ကြောင်း စသဖြင့် အမှာစကား ပြောကြားခဲ့သည်။

**ကနဦးဆွေးနွေးခြင်း**

အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက Structure နှင့်ပတ်သက်၍ ဝန်ကြီးဌာနနှင့် RI တို့အကြား ဆုံးဖြတ်ပြီးသားပုံစံဖြစ်နေသည့်အတွက် Consultant ၏ အစီရင်ခံစာအား ထည့်သွင်းစဉ်းစားမှု ရှိ၊ မရှိ ကို မေးမြန်းဆွေးနွေးခဲ့သည်။

MSG ဥက္ကဋ္ဌကလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန (MOPFI) အောက်တွင်ထားမည့် ရုံး၏ အသေးစိတ်ဖွဲ့စည်းပုံများအား ဆွေးနွေးရအုန်းမည်ဖြစ်ကြောင်း၊ လက်ရှိ MOPFI ၏ ရသုံးမှန်းခြေငွေ စာရင်း ဦးစီးဌာနမှ EITI Unit ရှိပြီးဖြစ်သဖြင့် အဆိုပါရှိပြီးသား ဖွဲ့စည်းမှုအပေါ် စီမံခန့်ခွဲမှု အား အခြေခံ၍ Consultant ဖြစ်သည့် Emma Irwin ၏ အစီရင်ခံစာကိုလည်း အခြေခံမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးခဲ့သည်။

**၅။ MEITI Restructuring and Organizational Development Project နှင့်ပတ်သက်၍ Consultant ဖြစ်သူ Ms. Emma Irwin မှ ရှင်းလင်းတင်ပြခြင်း**

(၁) Ms. Emma Irwin ကတင်ပြရာ၌ အဖွင့်အမှာစကားပြောကြားသွားခဲ့သည့် MSG ဥက္ကဋ္ဌအား ကျေးဇူးတင်ပါကြောင်း၊ ယနေ့အစည်းအဝေး၌ ဆွေးနွေးပေးရမည့် Option များနှင့်အတည်ပြု ပေးရမည့်အချက်များရှိပြီး နာရီဝက်ခန့်တင်ပြမည်ဖြစ်ကြောင်း၊

(၂) ဤစီမံကိန်း၏ ရည်ရွယ်ချက်သည် NCS ဖွဲ့စည်းပုံအား အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရန်နှင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် တင်ပြခဲ့သည့် Structure နှင့်ပတ်သက်သည့်အစီရင်ခံစာအပေါ် အခြေခံ၍ ထွက်ရှိခဲ့သည့် အကြံပြုချက်များအပေါ် အခြေခံရန်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၌ အလုပ်ရုံဆွေးနွေးကျင်းပ ခဲ့ကြောင်း၊ အဆိုပါအလုပ်ဆွေးနွေးပွဲ၌ နမူနာဖွဲ့စည်းပုံစံမော်ဒယ် (၅) ခုအား အခြေတည်၍ ဆွေးနွေးခဲ့ ကြောင်း၊ MSG အနေဖြင့် အဓိကစံသတ်မှတ်ချက် (criteria) ၅ ခုကိုလည်းချမှတ်ခဲ့ကြောင်း၊ High Level Government Ownership ဖြစ်ခြင်း၊ အစိုးရ/ပြင်ပ ရန်ပုံငွေအားလက်ခံနိုင်ပြီး ဘဏ္ဍာရေး အရလွတ်လပ်ခြင်း၊ အကောင်အထည်ဖော်ရာ၌ လွတ်လပ်၍ ပြုလွယ်ပြောင်းလွယ်နိုင်ခြင်း၊ Hybrid ပုံစံဖြစ်ခြင်းနှင့် ဖွဲ့စည်းရန် လွယ်ကူခြင်းတို့ဖြစ်ကြောင်း၊ MSG ၏ ကိုယ်စား Nathan Associates နှင့် မိမိအနေဖြင့် ဇွန်လကုန်တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် သုံးပွင့်ဆိုင်ညွန့်ပေါင်း အဖွဲ့၏ Work Plan and Governance sub-committee မှ

ဆက်သွယ်ရမည့်သူများနှင့် တွေ့ဆုံ ဆောင်ရွက်နေပြီး အကောင်းဆုံးဖြစ်နိုင်သည့် Structure အား တည်ဆောက်နေကြောင်း၊ အဓိကမူဝါဒ များနှင့် လမ်းညွှန်ချက်များအား ရေးဆွဲနေကြောင်း၊

(၃) Work Plan and Governance Sub-committee နှင့်သဘောတူညီမှုရရှိထားသည်မှာ ဇူလိုင်လ၊ ဩဂုတ်လနှင့်စက်တင်ဘာလတို့တွင် အပြီးဆောင်ရွက်ရန် သဘောတူထားကြောင်း၊ အဓိကနမူနာ မော်ဒယ်အနေဖြင့် သမ္မတရုံး၏အောက်တွင် ထားသည့်ပုံစံ၊ MOPFI ဝန်ကြီးရုံး၏ အောက်တွင် ထားသည့် ပုံစံ၊ MDI ကဲ့သို့ အစိုးရနှင့် Hybrid ပုံစံ စသဖြင့် (၃) ခုအား အလေးထားတွေ့ရှိရကြောင်း၊ MSG အနေဖြင့် ယနေ့အစည်းအဝေး၌ ဆွေးနွေးပေးရမည့် အဓိက Option (၂) ခုရှိကြောင်း၊

(၄) တွေ့ဆုံမှုများအနေဖြင့် MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ National Coordinator ၊ Work plan and governance sub-committee ၏ small group ၊ MEITI-NCS ၊ MEITI-MOBD ၊ MSG မှ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အရပ်ဘက်ကဏ္ဍ MATA မှ တာဝန်ရှိသူများ၊ DFID ၊ World Bank ၊ Nathan Associates ၊ NRGI တို့နှင့် လည်းကောင်း၊ EITI International Secretariat နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးထားကြောင်း၊

(၅) အဓိက Model သုံးခုအား ဆန်းစစ်ရာ၌ သမ္မတရုံးအောက်တွင် ထားသည့်ပုံစံ၊ MOPFI ဝန်ကြီးရုံး အောက်တွင် ထားသည့်ပုံစံ၊ MDI ကဲ့သို့ Hybrid ပုံစံ တို့ဖြစ်ကြောင်း၊ အဆိုပါပုံစံသုံးခုအား MSG မှ သဘောတူထားသည့် criteria (၅) ခုနှင့် နှိုင်းယှဉ်သုံးသပ်ရာ၌ သမ္မတရုံးအောက်တွင် ထားမည်ဆိုပါက ရွေးကောက်ပွဲလည်း မကြာမီကျင်းပတော့မည်ဖြစ်သဖြင့် လွယ်ကူစွာဖွဲ့နိုင်ရေးအခက်အခဲရှိနိုင်ကြောင်း၊ Hybrid team ဖြစ်ရန်အတွက် အစိုးရမဟုတ်သည့် ပြင်ပဝန်ထမ်းများခန့်အပ်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ကျန်အချက်များအတွက်မူ ကိုက်ညီကြောင်း၊

(၆) MOPFI ဝန်ကြီးရုံးအောက်ဆိုပါက လွယ်လွယ်ကူကူ ဖွဲ့စည်းနိုင်ပြီး အစိုးရဘတ်ဂျက်မှ ခွဲဝေသုံးစွဲ နိုင်ရေး လည်း အဆင်ပြေနိုင်ကြောင်း၊ ပြင်ပဝန်ထမ်းများ ခန့်အပ်နိုင်ရေးအတွက်မူ လွတ်လပ်သည့် ဖွဲ့စည်းမှု ဖြစ်ရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ပြုလွယ်ပြင်လွယ်ပုံစံဖြစ်ရန်အတွက်မူ အစိုးရ၏ လုပ်ထုံးလုပ်နည်း များရှိထားပြီးဖြစ်သဖြင့် EITI အတွက်မူ အလုံအလောက် ပြုလွယ်ပြင်လွယ် Flexibility ပုံစံမျိုး တော့မဟုတ်ကြောင်း၊

(၇) MDI ကဲ့သို့ Hybrid ပုံစံမျိုးဆိုပါက criteria (၅) ခုလုံးနှင့်ကိုက်ညီကြောင်း၊ ဖွဲ့စည်းမည်ဆိုပါက သမ္မတရုံး အမိန့်ကြော်ငြာစာနှင့်ဖွဲ့စည်းနိုင်ကြောင်း၊ High level government ဖြစ်ရန်ဆိုပါက မည်သည့်ဝန်ကြီးဌာန ကအဓိကတာဝန်ယူဆောင်ရွက်ရမယ်ဆိုသည့် ရှင်းလင်းသည့် အစီရင်ခံသည့် သတ်မှတ်ချက်များ အမိန့် စာတွင် ပါဝင်ရမည်ဖြစ်ကြောင်း၊

(၈) Criteria များအပေါ် အခြေခံဆန်းစစ်မှုအရ Hybrid ပုံစံဖြစ်ပြီး MOPFI ဝန်ကြီးရုံးအောက်တွင် ထားမည် ဆိုပါက ဖွဲ့စည်းရန်လွယ်ကူပြီး အထိရောက်ဆုံးနည်းလမ်း တစ်ခုဖြစ်ကြောင်း၊ အဆိုပါပုံစံ သည် ကိုယ်စားလှယ်များဆွေးနွေးချက်များအပေါ် အခြေခံထားသကဲ့သို့ criteria များနှင့်လည်း ကိုက်ညီကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အဆိုပြုလိုသည့် Options များအနေဖြင့် (၁) Hybrid ပုံစံဖြစ်ပြီး MOPFI ဝန်ကြီးရုံးအောက်တွင် ထားသည့်ပုံစံ နှင့် (၂) Hybrid ပုံစံဖြစ်ပြီး သမ္မတရုံးအောက်တွင်ထားသည့်ပုံစံ ဖြစ်ကြောင်း၊ အဆိုပါပုံစံနှစ်မျိုးကို နှိုင်းယှဉ်မည်ဆိုပါက MOPFI ဝန်ကြီးရုံးအောက်မှာထားရှိခြင်းသည် ဖွဲ့စည်းရလွယ်ကူပြီး criteria ငါးခုစလုံးနှင့်ကိုက်ညီကြောင်း၊ သမ္မတရုံးအောက်တွင်ထားသည့်ပုံစံသည် ဖွဲ့စည်းရန်အချိန်နှင့်ရွေးကောက်ပွဲတို့ကြောင့် နှောင့်နှေးကြန့်ကြာနိုင်ကြောင်း၊

(၉) Option (၁) Hybrid ပုံစံဖြစ်ပြီး MOPFI ဝန်ကြီးရုံးအောက်တွင် ထားသည့်ပုံစံသည် အမိုအခိုကင်းသည့် ဖွဲ့စည်းမှုဖြစ်နိုင်ပြီး ဝန်ကြီးရုံးနှင့် dotted line အား ရှင်းလင်းစွာဖြင့် သေချာချိတ်ဆက်နိုင်ကြောင်း၊ ဒုတိယ ဝန်ကြီးသည် MSG ဥက္ကဋ္ဌလည်းဖြစ်နေကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် သမ္မတရုံး အမိန့်စာဖြင့် ဖွဲ့စည်းနိုင်ကြောင်း၊ ဖွဲ့စည်းမှုအသစ်၌ ဒုတိယညွှန်ကြားရေးမှူး အောက်တွင် ဝန်ထမ်း (၁၅-၂၀) ဦး ပါဝင်သည့် အဖွဲ့ရှိမည်ဖြစ်ပြီး သင့်တော်သည့် ဝန်ထမ်းရွေးချယ် လုပ်ငန်းစဉ်အရ ကိုက်ညီသည့် အရည်အသွေးရှိ သော ရှိပြီးသားဝန်ထမ်းများလည်း ခန့်အပ်၍ ရကြောင်း၊ အစိုးရဝန်ထမ်းများကလည်း ကာလသတ်မှတ်ချက်တစ်ခုဖြင့် တာဝန်ထမ်းဆောင်နိုင်ကြောင်း၊ လစာကိုလည်း ပြင်ပလစာများကဲ့သို့ ပေးလို့ရသည့်ပုံစံဖြစ်မည်ဖြစ်ပြီး ကိုယ်ပိုင်ဖွဲ့စည်းမှုနှင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများရှိမည်ဖြစ်ကြောင်း၊ နေပြည်တော်တွင် ရုံးချုပ်ထား၍ ရန်ကုန်တွင် ရုံးခွဲ ထားမည့် ပုံစံဖြစ်ကြောင်း၊

(၁၀) အဆိုပါပုံစံအား ယနေ့ MSG က သဘောတူပါက ပြည်ထောင်စုဝန်ကြီးထံသို့ ဆက်လက် တင်ပြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လိုအပ်သည့်စာရွက်စာတမ်းအထောက်များအား ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ National Coordinator အသစ်အား ဦးဆောင်ကော်မတီနှင့် RI တို့က ရွေးချယ်ခန့်အပ်မည် ဖြစ်ပြီး လက်ရှိ NC ကလည်း အကြီးတန်းအကြံပေးအနေဖြင့် ၂၀၂၁ ခုနှစ်၊ မတ်လအထိ ပြုပြင်ပြောင်းလဲမှုအား ကြီးကြပ်သွားမည်ဖြစ်ကြောင်း၊ စက်တင်ဘာလတွင် သမ္မတအမိန့်စာထွက်ရှိပြီးအဖွဲ့အသစ်အား ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ သင့်တော်သည့်မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများအား အပြီးသတ်တင်ပြရမည် ဖြစ်ပြီး စက်တင်ဘာလကုန်တွင် NCS အဖွဲ့အသစ်အား တရားဝင်ဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်း အသစ်ခန့်အပ်မှုအား NC အသစ်၏ ဦးဆောင်မှုဖြင့် လက်ရှိဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများပါဝင်၍ ခန့်အပ်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ အောက်တိုဘာလတွင် အဖွဲ့အသစ်အနေဖြင့် နေရာချထားခြင်းနှင့် အလုပ်လုပ်ဆောင်ခြင်းများ၊ MEITI အကောင်အထည်ဖော်မှုအတွက် ရန်ပုံငွေလျှောက်ထားမှုများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

(၁၀) Option (၂) Hybrid ပုံစံဖြစ်ပြီး သမ္မတရုံးအောက်တွင်ထားသည့်ပုံစံဆိုပါက တစ်ဆင့်တည်း ဆောင်ရွက်၍ မလွယ်ကူဘဲ ကြားကာလအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်၌ သမ္မတရုံးအမိန့်စာနှင့် MOPFI အောက်တွင် ဖွဲ့စည်းထားပြီး ၂၀၂၁ ခုနှစ်တွင် အမိန့်စာပြင်ဆင်ချက်ဖြင့် သမ္မတရုံးအောက်တွင် ရွှေ့ပြောင်းဖွဲ့စည်းသည့်ပုံစံဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါပုံစံတွင်လည်း NCS ဖွဲ့စည်းမှုသည် MOPFI တွင်ဖွဲ့စည်းသည့်ပုံစံအတိုင်း ဝန်ထမ်းခန့်အပ်မှုများသည် အလားတူပုံစံ ဖြစ်ကြောင်း၊

(၁၁) NCS ၏ ဖွဲ့စည်းမှုအသစ်၌ ဝန်ထမ်းအားဖြင့် ၁၅-၂၀ ဦးရှိမည်ဖြစ်ပြီး နေ့စဉ်စီမံခန့်ခွဲမှုအတွက် Deputy NC က ဦးဆောင်၍ NC အသစ်ထံသို့ တိုက်ရိုက်အစီရင်ခံရမည်ဖြစ်ကြောင်း၊ NCS အတွင်း Team ၃ ခုရှိမည်ဖြစ်ပြီး (၁) Admin and Finance Team ဖြစ်ပြီး ဝန်ထမ်းဦးရေ (၇) ဦးခန့်၊ (၂) Technical team ဖြစ်ပြီး ဝန်ထမ်း (၅) ဦးခန့်၊ (၃) Communication and outreach team ဖြစ်ပြီး ဝန်ထမ်း ၄ ဦးခန့်ပါဝင်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးအတွက် ရှင်းလင်းသည့် လုပ်ငန်းတာဝန်များသတ်မှတ်ထားမည်ဖြစ်ကြောင်း၊

(၁၂) Organigramme မူကြမ်း၌ MEITI Champion ၊ MSG ဥက္ကဋ္ဌ၊ MEITI ညှိနှိုင်းရေးမှူး (NC) နှင့် DNC တို့သို့ အဆင့်ဆင့် Top-down ပုံစံသွားမည်ဖြစ်ပြီး DNC ၏ အောက်တွင် Technical team အား Technical Manager မှလည်းကောင်း၊ Communication and outreach team ၌ Communication and outreach Manager ကလည်းကောင်း၊ Admin and Finance Team ၌ Finance and Administration Manager ကလည်းကောင်း ဦးဆောင်ပါဝင်မည်ဖြစ်ကြောင်း၊

(၁၃) ယနေ့အစည်းအဝေး၌ MSG အနေဖြင့် ဆုံးဖြတ်ပေးရမည်မှာ (၁) Option နှစ်ခုအနက် မည်သည့် Option ကို ရွေးချယ်မည်ကို ဆုံးဖြတ်ရန်၊ (၂) MEITI Champion ထံသို့ ဆုံးဖြတ်ချက်အား အမြန်ဆုံးတင်ပြရန်၊ (၃) New NCS အတွက် NC အသစ်ခန့်အပ်ရေးနှင့်ဝန်ထမ်းရွေးချယ်ရေးအတွက် ရွေးချယ်ရေးကော်မတီ ကရွေးမည် သို့မဟုတ် မည်ကဲ့သို့ ရွေးချယ်မည်ကို ဆွေးနွေးဆုံးဖြတ်ရန်၊ (၄) Work Plan and Governance Sub-committee အား မိမိအနေဖြင့် မည်ကဲ့သို့ အစီရင်ခံပေးရမည်နည်းနှင့် MSG ကိုယ်စားတာဝန်ပေး၊ မပေး ဆုံးဖြတ်ရန်၊ (၅) MSG အနေဖြင့် အစီရင်ခံစာမူကြမ်းအပေါ် သဘောထား ပေး၊ မပေး၊ နှင့် (၆) MSG အနေဖြင့် ဤကြားကာလတွင် နောက်အစည်းအဝေးများတွင် တိုးတက်မှု အခြေအနေ Update သိလိုမှု ရှိ၊ မရှိ စသည့်အချက်များအား Consultant က မေးမြန်းတင်ပြခဲ့သည်။

(၁၄) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးရာ၌ Option (၁) နှင့် (၂) အနက် Option (၁) အား ပိုနှစ်သက်ကြောင်း၊ လက်ရှိတွင်လည်း MOPFI အောက်တွင် ရှိသော Budget Department အောက်တွင် EITI Unit တစ်ခုရှိပြီး ရန်ကုန်၌ RI သည် NCS အနေဖြင့် ဆောင်ရွက်နေကြောင်း၊ ရှိပြီးသား MOBD ရုံးကို မွမ်းမံပြီး တိုးချဲ့ဖွဲ့စည်းပါက လွယ်ကူမည်ဖြစ်ကြောင်း၊ MOPFI အောက်တွင် ဌာနကြီးတစ်ခု ဖွဲ့ရန်မှ

ခက်ခဲကြောင်း၊ ဖွဲ့စည်းပုံကို တစ်နှစ်ခန့်ပြင်ဆင်ရ မည်ဖြစ်ကြောင်း၊ လက်ရှိဖွဲ့စည်းပုံကို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်က ပိုမိုလွယ်ကူကြောင်း၊ ထို့ကြောင့် MOPFI အောက်တွင်ထားရန် ထောက်ခံကြောင်း၊ လက်ရှိ MEITI Champion ဖြစ်သူ ပြည်ထောင်စုဝန်ကြီး၏ ဌာနဖြစ်နေသည့်အတွက် ဝန်ကြီးဌာန၏အလုပ်များ၊ ဒုတိယဝန်ကြီး၏ အလုပ်များနှင့် MSG သို့ ဆက်သွယ်ဆောင်ရွက် ရမည့်ကိစ္စများ စသည်တို့ရှိသဖြင့် MOPFI အောက်တွင် ထားရှိခြင်းအားဖြင့် ပိုမိုလွယ်ကူမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ရန်မှာ အစိုးရအဖွဲ့ရုံးမှ အမိန့်ထုတ်ရမည်ဖြစ်သဖြင့် အစိုးရအဖွဲ့ရုံးသို့ တင်ပြရမည်ဖြစ်ကြောင်း၊ Hybrid ပုံစံ၌ နှစ်မျိုးရှိပြီး ပထမပုံစံဖြစ်သည့် MDI ပုံစံသည် အလုံးစုံ Hybrid ပုံစံဖြစ်ကြောင်း၊ ဒုတိယပုံစံသည် MOPFI အောက်တွင်ထားရှိသည့် ပုံစံဖြစ်ပြီး အစိုးရဝန်ထမ်း များလည်း ပါဝင်ပြီး ပြင်ပကျွမ်းကျင်သူများလည်း ခန့်အပ်၍ ရကြောင်း၊ မိမိအနေဖြင့် ဒုတိယ ပုံစံအား ထောက်ခံကြောင်း၊ အစိုးရဝန်ထမ်း များအား အစိုးရလစာဖြင့်သာ အလုပ်လုပ်စေမည်ဖြစ်ပြီး လိုအပ်ပါက နည်းပညာရှင်များအား တင်ဒါခေါ်၍ တင်ဒါဈေးနှုန်းနှင့်အညီ ငှားရမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံတင်ပြသည့်အခါ ယင်းအချက် များအား တစ်ခါတည်း တင်ပြရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ Ms Emma အား Request လုပ်ထား သည်မှာ ရေရှည်အတွက် ဖွဲ့စည်း ပုံအား တင်ပြသည့်အခါ မိမိတို့နိုင်ငံနှင့် အနီးစပ်ဆုံးတူညီသည့် နိုင်ငံများ ၏ EITI NCS ဖွဲ့စည်းပုံများကို လေ့လာပြီး တင်ပြပေးရန် ပြောကြားပြီး ဖြစ်ကြောင်း၊

(၁၅) ဆက်လက်၍ ၎င်းကဆွေးနွေးရာ၌ Slection တောင်းခံထားသည့်အချက်များအနက် Option (၁) ကို ရွေးချယ်ဆုံးဖြတ်လိုပါကြောင်း၊ သမ္မတရုံးအမိန့်ကြော်ငြာစာနှင့်ပတ်သက်ပြီး အစိုးရအဖွဲ့ရုံးသို့ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NC အသစ်ခန့်အပ်ရန် ဦးဆောင်ကော်မတီနှင့် RI တို့မှ ညှိနှိုင်းပြီး လက်ရှိအစိုးရသက်တမ်းကာလအတိုင်း လက်ရှိ NCS တာဝန်အား RI ကို ပေးအပ်ထားသည့်အတွက် RI မှ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆရာဦးစိုးဝင်းနေရာတွင် တာဝန်ယူမည့် NC အသစ်နှင့်ပတ်သက်၍ RI က အဆိုပြုလာသူကို Leading Committee သို့ တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း၊အစီရင် ခံစာများအား မြန်မာ ဘာသာပြန်ဆို၍ တင်ပြမည့် ကိစ္စကိုလည်း ကြိုဆိုပါကြောင်း၊ တိုးတက်မှု အခြေအနေများနှင့် နောက် အစည်းအဝေးများနှင့် ပတ်သက်၍ အထူးဆွေးနွေးစရာမရှိကြောင်း ပြောကြားခဲ့သည်။

(၁၆) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း တင်ပြခဲ့သည့် Option နှစ်မျိုးအနက် Option (၂) အား ပိုမို ရွေးချယ်လိုပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည်ဖြစ်သဖြင့် EITI လုပ်ငန်းစဉ်အား အောင်မြင်စေချင်ကြောင်း၊ ထို Option (၂) ဖြင့် မဆောင်ရွက်နိုင်မီ ကြားကာလအစီအမံများဖြင့် သီးခြားလွတ်လပ်သည့်ပုံစံဖြင့် သွားနိုင်ရန်အရေးကြီးကြောင်း၊ EITI သည် နိုင်ငံလုံးဆိုင်ရာ ပြုပြင်ပြောင်းလဲရမည့်ကတိကဝတ်တစ်ခုလည်းဖြစ်ကြောင်း၊ လက်ရှိတွင် လုပ်ငန်းစဉ်အရ Beneficial Ownership ၊ Systematic Disclosure စသည့် လုပ်ငန်းစဉ်များလည်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် Option (၂) သည် High level government

ownership အတွက် ပိုပြီးဖြစ်သင့်ကြောင်း၊ Option (၁) အား ကြားကာလအစီအစဉ်အနေဖြင့် ဆောင်ရွက်ပြီး ရေရှည်တွင် Option (၂) ဖြင့် ဆောင်ရွက်ရန် အကြံပြုကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၇) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးရာ၌ ဥက္ကဋ္ဌ၏ အဖွင့်မိန့်ခွန်းပြောကြားခဲ့ရာတွင် ပြောဆိုချက် များသည် ကောင်းမွန်ကြောင်း၊ အစိုးရဘတ်ဂျက် ဖြင့်လိုအပ်ရင် အသုံးပြုနိုင်ရန် စီစဉ်မည် ဆိုသည်ကို ကြားသိရသည့်အတွက် အလွန်ဝမ်းသာ ဂုဏ်ယူကြောင်း၊ ကျေးဇူးလည်းတင်ပါကြောင်း၊ **RI နှင့် MOPFI တို့အကြား ညှိနှိုင်းဆုံးဖြတ်သည်များ ရှိ သည်ဟု ကြားသိရကြောင်း၊ NCS သည် MSG နှင့်အဓိက ဆက်စပ်ကြောင်း၊ ဆက်စပ်သည့်အတွက် NCS နှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်များအား သိရှိလို ကြောင်း၊ NCS ကို ဦးဆောင်မည့်သူကိုလည်း သိရှိချင်ကြောင်း၊ RI နှင့် MOPFI အကြား တာဝန်ခွဲ ထားသည့်အခန်းကဏ္ဍကိုလည်း သိရှိချင်ကြောင်း၊** မိမိတို့အရပ်ဘက်ကဏ္ဍအနေဖြင့် Option (၁) အား ကြားကာလအစီအမံအနေဖြင့် သဘောတူကြောင်း၊ ရေရှည်အတွက်မူ Option (၂) ကို ရွေးချယ် ပါကြောင်း၊ လက်ရှိ NCS သည်လည်း လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အတော်ပင်စွမ်းဆောင် နိုင်သည်ကို တွေ့ရကြောင်း၊ ထို့အတွက်လည်း ချီးကျူးပါကြောင်း၊ လုပ်ငန်းစဉ်ပျက်သွားသည်မျိုး မဖြစ်စေချင်ကြောင်း၊ မိမိတို့အတွေ့အကြုံအရ ၂၀၁၆-၂၀၁၇ အကူးအပြောင်းတွင် အလွန်နှောင့်နှေး ကြန့်ကြာသည်ကို တွေ့ရကြောင်း၊ အစည်းအဝေးကျင်းပရန်အတွက်ပင် မည်သူကို ဆက်သွယ်ရမည်ကို မသိရဘဲ ဖြစ်ခဲ့သည့် အခြေအနေဖြစ်ခဲ့ကြောင်း၊ အဆိုပါအခြေအနေမျိုး မဖြစ်စေချင်တော့ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၁၈) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း ဖွဲ့စည်းမှုအသစ်မဖြစ်ခင် ကြားကာလ အချိန်ကြာမည်ဖြစ်ပြီး ဘတ်ဂျက်သည်လည်း MOPFI မှ စီမံခန့်ခွဲသဖြင့် RI နှင့် MOPFI အကြား EITI လုပ်ငန်းစဉ်မနှောင့်နှေး စေရန်အတွက် မည်သူကတာဝန်ခံသည်ကို သိရှိလိုကြောင်း၊ ထို့ပြင် တင်ပြခဲ့သည့် ဖွဲ့စည်းပုံ Organogram နှင့်ပတ်သက်၍ EITI Law အတွက်လည်း ဆွေးနွေးရမည်ဖြစ်သဖြင့် ဖွဲ့စည်းပုံတွင် ဦးဆောင်ကော်မတီပြီးနောက် MSG ဖြစ်ကြောင်း၊ Working Committee ဆိုသည်မှာ အစိုးရ ဌာနများ အတွင်း လုပ်ငန်းစဉ်အဆင်ပြေချောမွေ့ရန်အတွက်သာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ MSG ကို အသိပေးရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

(၁၉) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးရာ၌ Working Committee သည် အစိုးရ၏ အပိုင်း၌သာ ဖြစ်ကြောင်း၊ MSG ၏ အထက်တွင် ရှိမနေကြောင်း၊ ထို့အပြင် National Coordinator (NC) သည် မည်သူနှင့်မျှ ချိတ်ဆက်မထားသည်ကို တွေ့ရကြောင်း၊ NCS ကို NC က ဦးဆောင်သည်ဟု နားလည် ထားကြောင်း၊ ထို့ကြောင့် ချိတ်ဆက်ထားရမည်ဖြစ်ကြောင်း၊

(၂၀) ထို့နောက် consultant တင်ပြခဲ့သည့် Option (၂) ခုအနက် သဘောထားမှတ်ချက်ပေးရာ၌ အစိုးရ ကဏ္ဍ၌ သတ္တုတွင်း ဦးစီးဌာနမှ အထွေအထူးဆွေးနွေးစရာမရှိကြောင်း၊ Option (၁) အား

လတ်တလောဆွေးနွေးထားသည့်အတိုင်း သဘောတူကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရေနံနှင့် သဘာဝဓါတ်ငွေ့စီမံရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ကလည်း Option (၁) အား ရွေးချယ်လိုကြောင်း၊ လုပ်ငန်းရှင်ကဏ္ဍမှ တက်ရောက်သည့်ကိုယ်စားလှယ် (၃) ဦးအနက် သုံးဦးက သဘောထားမှတ်ချက်မရှိကြောင်းနှင့်တစ်ဦးက Option (၁) ကိုရွေးချယ်ပေးလိုကြောင်း ဆွေးနွေးခဲ့ သည်။

(၂၁) Consultant ကဆွေးနွေးရာ၌ Deputy NC (DNC) က နေ့စဉ်စီမံခန့်ခွဲမှုပုံစံဖြင့်ပြထားကြောင်း၊ စီမံခန့်ခွဲမှုပုံစံအရ DNC က နေ့စဉ် စီမံရန်အတွက် NCS ကို တိုက်ရိုက်စီမံရန် Dotted line နှင့်ချိတ်ထားကြောင်း၊ NC ကမူ Political Appointment အရ ဆောင်ရွက်ရမည်ဖြစ်သဖြင့် NCS ထဲတွင် ဖော်ပြမထားခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများတွင်မူ NC က နေ့စဉ်စီမံခန့်ခွဲမှု (Day to Day Management) ပြုလုပ်ကြောင်းလည်း ဖြည့်စွက်ဆွေးနွေးခဲ့သည်။

(၂၂) လက်ရှိ NC သည် ဦးစိုးဝင်းဖြစ်သည့်အတွက် လုပ်ငန်းအများစုအောင်မြင်ခြင်းဖြစ်ကြောင်း၊ နောင်ခန့်အပ် မည့် NC သည် နိုင်ငံရေးအရ ဩဇာအာဏာရှိယုံမက စိတ်စေတနာလည်း ရှိမှဖြစ်မည်ဖြစ်ကြောင်း၊ စိတ် စေနာရှိမှသာ အရွေ့တစ်ခုကို ရောက်မည်ဖြစ်ကြောင်း၊ RI နှင့် MOPFI အကြား လုပ်ငန်းလွှဲပြောင်းယူသည့် အခါ၌လည်း မည်သူက တာဝန်ယူမည်ကို သိရှိလိုကြောင်းလည်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေး ခဲ့သည်။

(၂၃) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MOPFI အောက်တွင် dotted line ထားမည်ဆိုပါက ရုံးအဖွဲ့ သည်မည်သူကို တာဝန်ခံရမည်နည်း၊ အစိုးရဌာနဘက်တွင် ရှင်းရှင်းလင်းလင်းဖြစ်သော်လည်း NCS အတွက်လည်း ရှင်းလင်းရမည်ဖြစ်ကြောင်း၊ Option (၁) အား သဘောတူကြောင်း၊ သို့သော် တိုက်တွန်း ချက်အနေဖြင့် ရေရှည်တွင် Option (၂) ဖြင့်ဆောင်ရွက်ရန်အချက်အား ထည့်သွင်းပေးစေလိုကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၂၄) Consultant က ဆွေးနွေးရာ၌ ဥက္ကဋ္ဌ ဆွေးနွေးသွားသည့်အတိုင်း နောက်ဆုံးတာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ရမည်မှာ အစိုးရကသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ရှေ့ဆက်ပြီးလည်း အစိုးရကသာ ဆောင်ရွက်ရမည်ဟု ပြောကြားလိုကြောင်း ဆွေးနွေးခဲ့သည်။

(၂၅) အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း NC ၊ MSG နှင့် NCS တို့သည် ချိတ်ဆက်နေကြောင်း၊ ရုံးအဖွဲ့ကို ဦးဆောင်ရမည့်သူသည် NC သာ ဖြစ်ရမည်ဖြစ်ပြီး အစိုးရဌာနအောက်တွင် ဆိုပါက အစိုးရ၏ ဥပဒေများ အတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရုံးအဖွဲ့သည် NC ကို တာဝန်ခံရမည်ဖြစ်ကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၂၆) မိတ်ဖက်အဖွဲ့အစည်းမှတစ်ဦးကလည်း MOU သည် RI နှင့် MOPFI အကြား ချုပ်ဆိုထားသဖြင့် ထိုအချက် အား ထည့်သွင်းစဉ်းစားရန်လိုကြောင်း ဆွေးနွေးမှုအပေါ် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ RI နှင့် MOPFI အကြား MOU သက်တမ်းရှိကြောင်း၊ သမ္မတရုံးအမိန့်စာအရမူ RI သည် ၂၀၂၁ ခုနှစ်၊ မတ်လအထိ သက်တမ်းရှိနေကြောင်း၊ စက်တင်ဘာကုန်၌ အကြီးတန်းအကြံပေးအနေဖြင့်သာ ကူညီပံ့ပိုး ပေးသွားမည် ဖြစ်ကြောင်း MEITI ညှိနှိုင်းရေးမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။ NCS အား NC က ဦးဆောင်ကြောင်း၊ MOPFI အောက်တွင် ရောက်ရှိသွားမည်ဆိုပါက မည်ကဲ့သို့ ဦးဆောင် သွားမည်ကို လည်း သိရှိလိုကြောင်း အရပ်ဘက်ကိုယ်စားလှယ်က ဆွေးနွေးခဲ့သည်။

(၂၆) စက်တင်ဘာလကုန်အထိ လက်ရှိ NC က ဦးဆောင်မည်ဖြစ်ကြောင်း၊ သို့သော် စက်တင်ဘာလ တစ်လ လုံးအား Handover အတွက် ပြင်ဆင်ရန် စီစဉ်ထားကြောင်း MEITI ညှိနှိုင်းရေးမှူးက ဆွေးနွေးခဲ့ သည်။ စီမံကိန်းမန်နေဂျာကလည်း Handover Process အား အဓိကထားပြီး ပြုလုပ်မည် ဖြစ်သည့်အတွက် ယခင် လျာထားသည့် လုပ်ငန်းစဉ် (၁၂) ခုအား ရပ်တန့်ထားရန် စီစဉ်ထားကြောင်း၊ ထိုရပ်တန့်မည့် လုပ်ငန်းစဉ်များတွင် Validation နှင့်ပတ်သက်သည့် Project level reporting, ၆ ကြိမ်မြောက်နှင့် ၇ ကြိမ်မြောက် MEITI အစီရင်ခံစာပြုစုခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို မလုပ် နိုင်သည့်အတွက် တင်ပြလိုပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

(၂၇) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း MEITI ညှိနှိုင်းရေးမှူး (NC) သည် အရေးကြီးပြီး အဓိက ချိတ်ဆက်ဆောင်ရွက်သည့်လုပ်ငန်းအား ဆောင်ရွက်ရကြောင်း၊ politically appoint ဖြစ်ပြီး MOPFI အောက်တွင် မည်ကဲ့သို့စီမံခန့်ခွဲမည်ကို သိရှိချင်ကြောင်း၊ Option (၁) အား စက်တင်ဘာလမှ မတ်လ အထိ ယာယီဆောင်ရွက်နိုင်ရန် မျှော်လင့်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ရန် အမြင့်ဆုံး ဆုံး ဖြတ်နိုင်သည့်အဆင့် နိုင်ငံတော်အကြီးအကဲများ ပါဝင်လာရန်အတွက် Option (၂) အား ရေရှည်တွင် ဖြစ် မြောက်စေရန် တိုက်တွန်းကြောင်း ဆွေးနွေးခဲ့သည်။

(၂၈) အရပ်ဘက်ကိုယ်စားလှယ်တစ်ဦးကလည်း လုပ်ငန်းစဉ်အား မရပ်တန့်ဘဲ မည်ကဲ့သို့ ဆောင်ရွက်၍ ရနိုင် သည်ကို စဉ်းစားစေလိုကြောင်း၊ မည်သူကတာဝန်ခံမည်ကိုလည်း သိရှိချင်ကြောင်း၊ ထို့အပြင် NCS သည် မည်သို့မည်ပုံဖြစ်လာမည်ကို မပီပြင်တော့ပါက လတ်တလောလုပ်ငန်းများနှင့်ပတ်သက်ပြီး သိရှိလို ကြောင်း ဆွေးနွေးခဲ့သည်။

(၂၉) သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌကလည်း Consultant တင်ပြသွားသည့် Option နှစ်ခုအနက် Option (၁) အား ယာယီအနေဖြင့် သဘောတူပြီး ရေရှည်တွင် Option (၂) ဖြင့် ဆောင်ရွက်ရန် မိမိအနေ ဖြင့် သဘောတူကြောင်း သဘောထားပြုခဲ့သည်။

(၃၀) ထို့နောက် **"၂၀၂၁ ခုနှစ်၊ မတ်လအထိ Option (၁) ဖြင့် ဆက်လက်ဆောင်ရွက် ရန်နှင့် ယင်းနောက်ပိုင်း Option (၂) ဖြင့် ဆောင်ရွက်ရန်"** ဟုသဘောတူညီဆုံးဖြတ်ခဲ့ကြပြီး **"အဆိုပါဆုံးဖြတ်ချက်အား MEITI ချန်ပီယံထံ ဆက်လက်တင်ပြပြီး အမိန့်ကြော်ငြာစာ ထွက်ရှိနိုင်ပါရန်အတွက် ဆက်လက် ဆောင်ရွက်ရန်၊ MEITI ချန်ပီယံထံတင်ပြရန် စာကြမ်းအား NCS မှ ပြင်ဆင်ရန်"** စသဖြင့် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

(၃၁) NCS ရုံးအဖွဲ့အသစ်တွင် ပါဝင်မည့် ပညာရှင်များကို MEITI Selection Sub-committee မှရွေးချယ်ရန်လည်း သဘောထားမှတ်ချက်ပေးကာ ဆုံးဖြတ်ပေးခဲ့ကြသည်။ Consultant ကလည်း Work Plan and Governance Sub-committee အား မိမိ၏ Report Assignment အား ကော်မတီတစ်ခုလုံးက ဆောင်ရွက်မည် သို့မဟုတ် ဖွဲ့စည်းထားသည့် Small group ကသာ ဆောင်ရွက်မည်ကို မေးမြန်းခဲ့သည်။

(၃၂) မိတ်ဖက်အဖွဲ့အစည်းမှတစ်ဦးကလည်း Consultant ၏ လုပ်ငန်းတာဝန် (ToR) ၌ Work Plan and Governance Sub-committee သို့ အစီရင်ခံရမည်ဟု မပါဝင်ကြောင်း၊ Small group ဖွဲ့ခဲ့ပြီးနောက် အပတ်စဉ်တိုင်းတွေ့ဆုံရန် ပြီးခဲ့သည့်အပတ်များ၏ အတွေ့အကြုံအရ အဆင်မပြေခဲ့ကြောင်း၊ Draft Report ပြီးသည့်အချိန်မှသာ အစီရင်ခံရန် ဖြစ်နိုင်၊ မဖြစ်နိုင် အကြံပြုကြောင်း ဆွေးနွေးခဲ့သည်။

(၃၃) အစိုးရကိုယ်စားလှယ်ကလည်း တစ်ဦးချင်း ဆွေးနွေးမည်ဆိုပါက အဆင်ပြေသည့်အချိန်တွင် ဆွေးနွေးနိုင်ကြောင်း၊ MSG အစည်းအဝေးမှ ဆွေးနွေးမည်ဆိုပါက ပြင်ဆင်လိုသည့်အချက်များရှိပါက နောက်ကျ သွားနိုင်ကြောင်း၊ အရပ်ဘက်ကိုယ်စားလှယ်နှင့် လုပ်ငန်းရှင်ကိုယ်စားလှယ်ကလည်း တစ်ဦးချင်း တွေ့ဆုံ ရန်အကြံပြုခဲ့သည်။

(၃၄) ထို့နောက် "Organizational Development Consultant ၏ နောက်ဆုံးအခြေအနေ အစီရင်ခံချက်များနှင့် ပတ်သက်၍ Work Plan and Governance Sub-committee မှ အစုဖွဲ့ငယ်တွင် ပါဝင်သည့် ကိုယ်စားလှယ်တစ်ဦးချင်းစီနှင့် Consultant တို့ သီးခြားဆွေးနွေးရန်၊ Draft Report နှင့်ပတ်သက်၍ ယင်းကိုယ်စားလှယ်များမှ သဘောထားမှတ်ချက်ပေးရန်၊ Organizational Development Consultant ၏ Final အစီရင်ခံစာ အပေါ် MSG အနေဖြင့် သဘောထားမှတ်ချက်ပေးရန်၊ Organizational Development Consultant မှအစီရင်ခံစာများအား မြန်မာဘာသာသို့ ပြန်ဆိုတင်ပြရန်" ဆုံးဖြတ်ခဲ့ကြသည်။

(၃၅) Consultant ကလည်း Organizational Development Consultant မှ Final Report အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အစောပိုင်းထက်နောက်မကျပဲ တင်ပြရန်၊ စက်တင်ဘာလ ဒုတိယအပတ် (၇-၉-၂၀၂၀ ရက်နေ့) နောက်ဆုံးထား၍ ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြသွားခဲ့သည်။ ၎င်းက ထပ်မံဆွေးနွေးရာ၌ တိုးတက်မှုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည် ဖြစ်ပြီး တစ်ဖက်

တွင်လည်း မိမိ၏ အစီရင်ခံစာကို မစောင့်ဘဲ ဆောင်ရွက် ၍ ရသည့်လုပ်ငန်းများကို ဆောင်ရွက်ထားစေချင်ကြောင်း၊ MSG ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ NC တို့ကိုလည်း တွေ့ဆုံသွားရန်ရှိကြောင်း၊ ရက်အတိအကျမသတ်မှတ်နိုင်သေးကြောင်း၊ MDI နှင့် RI တို့မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံသွားရန် စီစဉ်ထားကြောင်း စသဖြင့် ဆွေးနွေးခဲ့သည်။

(၃၆) Consultant ၏ တိုးတက်မှုများအား ဆွေးနွေးရန် MSG အစည်းအဝေးအား သြဂုတ်လ (၃၁) ရက်နေ့တွင် ကျင်းပရန် ကိုယ်စားလှယ်များက အဆိုပြုလျာထားခဲ့ပြီး ဒုတိယဥက္ကဋ္ဌကလည်း ဥက္ကဋ္ဌနှင့် တိုင်ပင်ပြီးမှသာ ရက်သတ်မှတ်၍ ကျင်းပစေလိုကြောင်း အကြံပြုခဲ့သည်။ ထို့နောက် **“(၃၁) ကြိမ်မြောက် MSG အစည်းအဝေးတွင် Organizational Development Consultant မှ နောက်ဆုံးအခြေအနေများအား တင်ပြရန်”** ဆုံးဖြတ်ခဲ့ကြသည်။ မိတ်ဖက်အဖွဲ့အစည်းမှတစ်ဦးကလည်း ဝန်ထမ်းရွေးချယ်ခန့်အပ်ရေး လုပ်ငန်းစဉ်ကိုလည်း သေချာစွာ ဆောင်ရွက်သွားနိုင်ရန်အကြံပြုဆွေးနွေးခဲ့သည်။

**၆။ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်စကားပြောကြားခြင်း**

ယနေ့ (၃၀) ကြိမ်မြောက်အစည်းအဝေးအား ပြည်စုံစွာ ဆွေးနွေးပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ တင်ပြခဲ့သည့် Consultant ဖြစ်သူ Ms. Emma Irwin ကိုလည်း ကျေးဇူးတင်ကြောင်းနှင့် (၃၁) ကြိမ်မြောက်အစည်းအဝေးတွင် ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်မည်ဟုလည်း မျှော်လင့်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

## (၃၀) ကြိမ်မြောက် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ (၁၂) ရက် **Online Meeting**

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁။ | RI နှင့် MOPFI အကြားညှိနှိုင်းဆုံးဖြတ်ထားသည့် NCS အသစ်နှင့် ပတ်သက်၍ အရပ်ဘက်ကိုယ်စားလှယ်များက မေးမြန်းဆွေးနွေးရာ၌ MEITI လုပ်ငန်းစဉ်အတွက် New Structure မဖွဲ့စည်းနိုင်မီ | MOPFI | |

| | | | |
|---|---|---|---|
| | ကြားကာလတွင် ကြန့်ကြာမှုများ၊ လုပ်ငန်းစဉ်ရပ်တန့်သွားခြင်းများ မရှိစေရန်အတွက် အောက်ပါအချက်များအား အရပ်ဘက် ကိုယ်စားလှယ်များသို့ ရှင်းလင်းစွာ စာဖြင့် ပြန်လည် ဖြေကြားပေးရန်<br><br>(၁) National Coordinator (NC) ကို RI မှခန့်အပ်ပြီး NCS အသစ်အား MOPFI အောက်တွင် ထားရှိပါက NCS အသစ်သည် မည်သူ၏ လမ်းညွှန်ချက်ဖြင့် လိုက်နာဆောင်ရွက်ရမည်ကို ရှင်းလင်း ပေးရန်၊<br><br>(၂) အစိုးရအပြောင်းအလဲကာလတွင် EITI လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မည်သူက တာဝန်ယူမည်အား ရှင်းလင်းပေးရန်၊<br><br>(၃) EITI ဘတ်ဂျက်နှင့်ပတ်သက်၍ Donor မရှိပါက နိုင်ငံတော် ဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအား အားပေးကြိုဆိုကြောင်း၊<br><br>(၄) NCS အား NC မှ ဦးဆောင်သည်ဟု နားလည်ထားကြောင်း၊ NCS အသစ်တွင် မည်သူဦးဆောင်မည်အား ရှင်းလင်းပေးရန်၊ | | |
| ၂။ | Consultant မှ ဆွေးနွေးတင်ပြခဲ့သည့် အဆိုပြု Structure နှစ်ခုဖြစ်သည့် Option (1) Hybrid Organization under MOPFI နှင့် Option (2) Hybrid Organization under President's Office နှင့်ပတ်သက်၍ ဆွေးနွေးရာ၌<br><br>အစိုးရကိုယ်စားလှယ်များမှ သဘောထားမှတ်ချက်ပေးရာ၌ DOM ၊ IRD ၊ OGPD/ MOGE ၊ MGE ၊ OAG တို့သည် Option (1) အား ရွေးချယ်ကြောင်း၊<br><br>လုပ်ငန်းရှင်ကိုယ်စားလှယ်များမှ သဘောထားမှတ်ချက်ပေးရာ၌ လုပ်ငန်းရှင်တစ်ဦးမှ Option (1) အား ရွေးချယ်ကြောင်း၊ ကျန်ကိုယ်စားလှယ်များမှ သီးခြားမှတ်ချက်မရှိကြောင်း၊ အများ သဘောတူလက်ခံသည့်အတိုင်းသာ ဖြစ်ကြောင်း၊ | MSG | |

| | | | |
|---|---|---|---|
| | အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအနေဖြင့် Option နှစ်ခုအနက် ယာယီအားဖြင့် Option (1) ဖြင့် ဆောင်ရွက်၍ ရေရှည်အတွက် အစိုးရသစ်တက်လာပါက Option (2) ဖြင့် ဆောင်ရွက်ရန် တိုက်တွန်းဆွေးနွေးသည်။ | | |
| ၃။ | တင်ပြခဲ့သည့် Structure နှင့်စပ်လျဉ်း၍ Working Committee ကော်မတီ၏ အခန်းကဏ္ဍထားရှိပုံအား အရပ်ဘက်ကဏ္ဍမှ မေးမြန်းမှုအပေါ် အစိုးရ၏ Working Committee ဖြစ်သည့်အတွက် အစိုးရဘက်တွင်သာ သီးခြားထားရန် Consultant မှ သဘောတူသည်။<br><br>Consultant မှ NC ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၌ NC အား အခြားနိုင်ငံများနှင့်မတူညီဘဲ Politically appointment အရ NCS နှင့် တိုက်ရိုက်ချိတ်ဆက်မထားဘဲ Deputy NC မှသာ နေ့စဉ်စီမံခန့်ခွဲမှုများအား ဆောင်ရွက်သည့်ပုံစံဖြင့် ထားရှိထားကြောင်း တင်ပြခဲ့သည်။<br><br>အရပ်ဘက်ကိုယ်စားလှယ်များမှ ဆွေးနွေးရာ၌ NC သည် Politically appointment ဟု လျာထားမည်ဆိုပါက လုပ်ငန်းစဉ်များ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် Political Power နှင့် စိတ်စေတနာရှိသူအား ရွေးချယ်နိုင်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။ | Consultant | |
| ၄။ | ၂၀၂၁ ခုနှစ်၊ မတ်လအထိ Option (1) ဖြင့် ဆက်လက်ဆောင်ရွက်ရန်နှင့် ယင်းနောက်ပိုင်း Option (2) ဖြင့် ဆောင်ရွက်ရန် | MSG | |
| ၅။ | ဆုံးဖြတ်ချက် (၄) အား MEITI ချန်ပီယံထံ ဆက်လက်တင်ပြပြီး အမိန့်ကြော်ငြာစာ ထွက်ရှိနိုင်ပါရန်အတွက် ဆက်လက် ဆောင်ရွက်ရန်<br>• MEITI ချန်ပီယံထံတင်ပြရန် စာကြမ်းအား NCS မှ ပြင်ဆင်ရန်၊<br>• ယင်းစာကြမ်းအပေါ် MSG မှ သဘောထားမှတ်ချက်ပေးရန် | MOPFI, NCS, MSG | |
| ၆။ | NCS ရုံးအဖွဲ့အသစ်တွင် ပါဝင်မည့် ပညာရှင်များကို MEITI Selection Sub-committee မှရွေးချယ်ရန် | Selection sub-committee | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: info@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

| | | | |
|---|---|---|---|
| ၇။ | Organizational Development Consultant ၏ နောက်ဆုံး အခြေအနေအစီရင်ခံချက်များနှင့်ပတ်သက်၍ Work Plan and Governance Sub-committee မှ အစုဖွဲ့ငယ်တွင် ပါဝင်သည့် ကိုယ်စားလှယ်တစ်ဦးချင်းစီနှင့် Consultant တို့ သီးခြားဆွေးနွေးရန်<br>• Draft Report နှင့်ပတ်သက်၍ ယင်းကိုယ်စားလှယ်များမှ သဘောထားမှတ်ချက်ပေးရန် | Work Plan and Governance Sub-committee (Small Group) ၊ Consultant | |
| ၈။ | Organizational Development Consultant ၏ Final အစီရင်ခံစာ အပေါ် MSG အနေဖြင့် သဘောထားမှတ်ချက်ပေး ရန် | MSG | |
| ၉။ | Organizational Development Consultant မှ Final Report အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ အစောပိုင်းထက်နောက်မကျပဲ တင်ပြရန်<br>• စက်တင်ဘာလ ဒုတိယအပတ် (၇-၉-၂၀၂၀ ရက်နေ့) နောက်ဆုံးထား၍ ပေးနိုင်မည်ဖြစ်ကြောင်း Consultant မှ လည်း တင်ပြသွားကြောင်း | Consultant | |
| ၁၀။ | Organizational Development Consultant မှအစီရင်ခံစာများအား မြန်မာဘာသာသို့ ပြန်ဆိုတင်ပြရန် | Consultant | |
| ၁၁။ | (၃၁) ကြိမ်မြောက် MSG အစည်းအဝေးတွင် Organizational Development Consultant မှ နောက်ဆုံးအခြေအနေများအား တင်ပြရန် | Consultant | |
| ၁၂။ | လက်ရှိ NCS ရုံး ၏ Handover လုပ်ငန်းစဉ်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် စတင်ဆောင်ရွက်ရန်<br>• Handover လုပ်ငန်းစဉ်၊ Handover လက်ခံယူမည့် အဖွဲ့နှင့်ပတ်သက်၍ (၃၁) ကြိမ်မြောက် MSG အစည်းအဝေး တွင် ဆွေးနွေးရန် | NCS, MSG | |
| ၁၃။ | (၃၁) ကြိမ်မြောက် MSG အစည်းအဝေးကျင်းပမည့်ရက်နှင့် ပတ်သက်၍ MSG ဥက္ကဋ္ဌ နှင့် ညှိနှိုင်းပြီး စောလျင်စွာကျင်းပရန် | MSG | |
| ၁၄။ | • EITI လုပ်ငန်းစဉ်အား ရေရှည်အထောက်အကူဖြစ်စေရန် အခြား EITI နိုင်ငံများ၏ ဖွဲ့စည်းပုံ၊ ခန့်အပ်ခြင်းနှင့် ပတ်သက်၍ Consultant မှ လေ့လာတင်ပြရန်<br>• Consultant မှ တင်ပြခဲ့သည့် Organogram အား ပြင်ဆင် ရန် | Consultant | |

**နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း (ကျား (၂၇) ဦး၊ မ (၂၂) ဦး၊ စုစုပေါင်း (၄၉) ဦး)**

| စဉ် | အမည် | ရာထူး/တာဝန် | ဌာန/အဖွဲ့အစည်း |
|---|---|---|---|
| **Chair Persons** | | | |
| ၁ | ဦးမောင်မောင်ဝင်း | ဒုဝန်ကြီး | Deputy Minister, MOPFI |
| ၂ | ဦးခင်လတ်ကြီး | ဒုတိယဥက္ကဋ္ဌ | DG, DOM, MONREC |
| **အစိုးရကိုယ်စားလှယ်များ** | | | |
| ၃ | ဦးကျော်သက် | DDG | DOM |
| ၄ | ဦးဝင်းမော် | DDG | OGPD |
| ၅ | ဦးသက်ခိုင် | GM | MGE |
| ၆ | ဦးဝင်းအောင်ညို | Director | IRD |
| ၇ | ဒေါ်လှလှကျိန် | Director | OAG |
| လုပ်ငန်းရှင်ကိုယ်စားလှယ်များ | | | |
| ၈ | ဦးစိုးမော် | Chair | MFPTMA |
| ၉ | ဦးဇော်ဘိုခန့် | Vice Chair | MGJEA |
| ၁၀ | ဒေါ်မေသက်စုဦး | PSC & Partner Reporting Supervisor | TOTAL |
| ၁၁ | ဦးမျိုးဇော်ဦး | Director for Government & Public Affairs | MPRL E&P |
| အရပ်ဘက်ကိုယ်စားလှယ်များ | | | |
| ၁၂ | ဦးရဲလင်းမြင် | MSG Member | MATA |
| ၁၃ | ဒေါ်မိုးမိုးထွန်း | MSG Member | MATA |
| ၁၄ | ဦးသန့်ဇင် | MSG Member | MATA |
| ၁၅ | ဒေါက်တာကျော်သူ | MSG Member | MATA |
| ၁၆ | ဦးထူးအောင် | Alternate | MATA |
| ၁၇ | ဦးအောင်ဘိုဘိုထက် | Alternate | MATA |
| Alternate များနှင့် လေ့လာသူများ | | | |
| ၁၈ | ဦးရွှေဝင်း | AGM | MGE |
| ၁၉ | ဒေါ်ကြူကြူဝင်း | AGM | MGE |

| | | | |
|---|---|---|---|
| ၂၀ | ဒေါ်ဝင်းဝင်းကြူ | DD | OGPD |
| ၂၁ | ဒေါ်မြင့်မြင့်ခိုင် | Manager | MOGE |
| ၂၂ | ဦးစံငွေ | Observer | MATA |
| ၂၃ | ဒေါ်မီမီသိန်း | Observer | MATA |
| ၂၄ | ဦးပီတာမျိုးအောင် | Observer | MATA |
| MOBD | | | |
| ၂၅ | ဒေါ်ခင်ခင်လွင် | Director | MOBD |
| ၂၆ | ဒေါ်သီရိဆွေ | DD | MOBD |
| ၂၇ | ဒေါ်ခင်ပပခိုင် | DD | MOBD |
| ၂၈ | ဒေါ်မြမြင့်သန်း | AD | MOBD |
| ၂၉ | ဒေါ်ရွှေရည်ဝင်း | ဦးစီးအရာရှိ | MOBD |
| ၃၀ | ဒေါ်မေဆုမွန်အောင် | ဦးစီးအရာရှိ | MOBD |
| ၃၁ | ဒေါ်အိအိမွန် | စိစစ်ရေးမှူး -၂ | MOBD |
| Development Partners | | | |
| ၃၂ | ဒေါ်တင်ဇာထွန်း | Consultant | World Bank |
| ၃၃ | ဒေါ်တာရာမောင် | | USAID (Nathan Associates) |
| ၃၄ | ဒေါ်ရှူးအိအိထွန်း | | USAID (Nathan Associates) |
| ၃၅ | ဒေါ်လေးသဉ္ဇာနွယ် | | USAID (Nathan Associates) |
| ၃၆ | ဒေါ်ခင်သန္တာမြင့် | | Oxfam |
| MEITI-NCS | | | |
| ၃၇ | ဦးစိုးဝင်း | National Coordinator | MEITI-NCS |
| ၃၈ | ဒေါ်နှင်းထက်ထက်အောင် | Programme Manager | MEITI-NCS |
| ၃၉ | ဦးထွန်းပေါ်ဦး | Technical Specialist | MEITI-NCS |
| ၄၀ | ဦးကျော်သင်းမောင် | Program Assistant | MEITI-NCS |
| ၄၁ | ဦးနေမင်းမောင် | Technical Coordinator | MEITI-NCS |
| ၄၂ | ဦးဟိန်းထက်စိုး | Technical Officer | MEITI-NCS |
| ၄၃ | ဦးဖွဲ့စည်သူအောင် | BO Coordinator | MEITI-NCS |
| ၄၄ | ဒေါ်ထက်နန္ဒာအောင် | Sr. Communication Officer | MEITI-NCS |
| ၄၅ | ဦးဇင်ကိုကိုအောင် | Communication Officer | MEITI-NCS |
| ၄၆ | ဦးစိုးသီဟနိုင် | Admin Officer | MEITI-NCS |

| | | | |
|---|---|---|---|
| ၄၇ | ဦးတက်ထွန်းဆိုင် | Admin Assistant | MEITI-NCS |
| ၄၈ | ဦးမောင်မောင်မြင့်လွင် | IT Technician | MEITI-NCS |
| ၄၉ | ဒေါ်လွဲလွဲဝင်းမော် | Finance Officer | MEITI-NCS |